# ဘဝကတိုတို ရယ်မယ်ဆို တခိခိ

ရဲစတိုင်း



## အလစ်သမား

ဂျာကင်တစ်ထည်ကို လက်တွင် ကိုင်လျက် လျှောက်လာသော လူငယ်ကို လူကြီးတစ်ယောက်က မေးသည်။

"မောင်ရင့်လက်ထဲက ဂျာကင် အင်မတန်လှပါလား။ ဘယ်ဆိုင်က ဝယ်လာတာလဲ"

"တစ်လမ်းကျော် မေဖလားဝါး စတိုးဆိုင်ကြီးကပါ"

"ဝယ်နေတဲ့ လူ အများကြီးလား"

"တစ်ယောက်မှ မရှိဘူး။ အရောင်းစာရေးတောင် မရှိဘူး"

***

## ပထမဆုံး တစ်ခွက်

အမေ - သားရေ ရေချိုးတော့လေ။

သား - မချိုးချင်ဘူး အမေ သား ချမ်းလို့ ။

အမေ - မချမ်းပါဘူး သားရဲ့ ပထမဆုံး တစ်ခွက်ပဲ ချမ်းတာ။

သား - ဒါဆို ပထမဆုံးတစ်ခွက်ကို သား သွန်ပစ်လိုက်မယ်။

***

## အောက်ခြေက စလုပ်

အဖေ - ငါ့သား ... ဘယ်အလုပ်မဆို အောက်ခြေက စလုပ်ရတယ် ငါ့သားရဲ့ ။

သား - အဖေပြောသလိုဆိုရင် ရေတွင်းတူးရင် တော်တော် ခက်ခက်ခဲခဲ တူးရမယ်နော်။

***



## ခွေးရှေ့လျှောက်ရင် လက်မဝှက်ထား

တပည့် - ဆရာ၊ ခွေးတွေအရှေ့ ဖြတ်လျှောက်ရင် ခွေးကိုက်မခံရအောင် လူကြီးတွေက လက်မဝှက်ပြီး လျှောက်ခိုင်းတယ်လေ။ အဲဒီလို ဝှက်လိုက်တော့ ခွေးက မကိုက်ရဲတော့ဘူးလား ဆရာ။

ဆရာ - အေးပေါ့ကွ၊ အနည်းဆုံး လက်မတော့ အကိုက်မခံရဘူးပေါ့။ ခွေးက လက်မမှ ရှာမတွေ့ဘဲ။

***

## အိပ်ချင်မှ အိပ်မှာ

တပည့် - စာမေးပွဲကလည်း နီးနေပြီ။ စာကျက်စရာတွေလည်း အများကြီး ကျန်သေးတယ်ဆိုတော့ ကျွန်တော် ဒီနေ့ အိပ်ချင်မှ အိပ်မှာ ဆရာ။

ဆရာ - ဟေ၊ ဘာလုပ်မလို့ လဲ။

တပည့် - စာကျက်မလို့ ပေါ့ ဆရာရယ်။ အကြွေးတွေလည်း များတော့ ဒီည အိပ်ချင်မှ အိပ်မယ်။

ဆရာ - မလုပ်ပါနဲ့ ငါ့တပည့်ရယ်။ ကျန်းမာရေးလည်း ဂရုစိုက်ဦး။

နောက်တစ်နေ့...

ဆရာ - ဘယ်လိုလဲ စာတွေ အတော်ရနေပြီလား။

တပည့် - မနေ့ညက ၈ နာရီလောက် အိပ်ချင်လာတော့ အိပ်လိုက်တယ် ဆရာ။

ဆရာ - မင်းပြောတော့ အိပ်ချင်မှ အိပ်မှာ ဆို။

တပည့် - ဟုတ်တယ်လေ ဆရာ၊ စောစောအိပ်ချင်လာတော့ ဘာတတ်နိုင်မှာ လဲ ဆရာရယ်။

***

## ဒါလည်း ဟုတ်တုတ်တုတ်

ဆရာမ - မင်းတို့ တွေ ကြပ်ကြပ်မှတ်ထား၊ လောကမှာ မိဘစကား၊ ဆရာသမားစကား နားထောင်လို့ ဒုက္ခရောက်ရတယ်ဆိုတာ ဘယ်မှာ ရှိခဲ့ဖူးလဲ။ မိဘစကား၊ ဆရာသမားစကားကို နားမထောင်လို့ ဒုက္ခရောက်ခဲ့ရတာတော့ အတိတ်မှာ ဒုနဲ့ ဒေးပဲ။ ငါတို့ စကား နားထောင်လို့ ဒုက္ခရောက်တာ ကြားဖူးလား ပြောစမ်း။

တပည့် - ကျွန်တော်သိတယ် ဆရာမ။

ဆရာမ - လာပြန်ပြီ ဒီကောင်၊...ပေါက်ကရလေးဆယ် ပြောဦးမယ်။

တပည့် - ကျမ်းကိုးကျမ်းကိုင်နဲ့ ပြောမှာ ပါ။ ဆရာမ ပြောပြီးလို့ မရိုက်ပါဘူးလို့ အာမခံရင် ကျွန်တော်ပြောမယ်။

ဆရာမ - အေး၊ မင်းပြောတာ ယုတ္တိရှိပါစေ။ ငါမရိုက်ဘူး။

တပည့် - မိဘနဲ့ ဆရာသမားရဲ့ စကားကို နားထောင်လို့ ဒုက္ခရောက်တဲ့ လူနှစ်ယောက် ကျွန်တော်သိတယ် ဆရာမ။ တစ်ယောက်က အင်္ဂုလိမာလလေ။ ဆရာ့စကား အဟုတ်မှတ်ပြီး လက်ချောင်းတွေ လိုက်ဖြတ်လို့ လူသတ်သမားကြီးလို့ သမုတ်ခံရတယ်လေ။ ပါဠိကျမ်းဂန်ထဲမှာ လူတော်တော်များများ ဖတ်ဖူးပါတယ်။ နောက်တစ်ယောက်ကတော့ ကျွန်တော် နာမည်မသိဘူး။ အမေက ဒါလေးခိုးခဲ့၊ ဟိုဟာလေး ခိုးခဲ့ဆိုပြီး သင်ပေးရင်း နောက်ဆုံးကျ သူခိုးကြီး လုံးလုံးဖြစ်ရော။ သေဒဏ်ပေးခါနီး တစ်ရက်အလိုမှာ သူ့အမေက သူ့ကို ထောင်မှာ လာတွေ့တော့ အစကတည်းက လမ်းမှန် မပြရကောင်းလားဆိုပြီး သူ့အမေနားရွက်ကို ကိုက်တယ်။ ဒါလည်း ဇာတ်တော်ထဲမှာ အထင်အရှားပါတာပဲ။ နောက်ပြီး မိဘဆရာစကားကို လုံးဝနားမထောင်ဘဲ ကိုယ့်ဘာသာ ကောင်းမယ်ထင်တာ လုပ်လို့ ကြီးပွားချမ်းသာသွားတဲ့ သာဓကနှစ်ခုလည်း ရှိတယ် ဆရာမ။ တစ်ယောက်က ဇနက္ကမင်းသားလေ။ သူ့အမေက ငါ့သားရယ် ပင်လယ်ထဲမှာ လေပြင်းမုန်တိုင်းတွေနဲ့ ကုန်ကူးမလိုက်ပါနဲ့ လားလို့ တားတာ နားမထောင်ဘဲ လိုက်သွားတာ ဟော မေခလာနဲ့ တွေ့တယ်။ ပြီးတော့ ဘုရင်ဖြစ်သွားတယ်။ ပင်လယ်ပြင်မှာ ကုန်ကူးမထွက်ရင် ဇနက္ကမင်းသား ဘုရင်ဖြစ်ပါ့မလားလို့ စဉ်းစားမိတယ်။ ဒါဆို အမေ့စကား နားထောင်ရင် ဘုရင် မဖြစ်တော့ဘူးပေါ့။

နောက်တစ်ယောက်က ဗုဒ္ဓမြတ်စွာဘုရားပေ့ါ။ မိဘက စကြဝတေးမင်း ဖြစ်စေချင်တယ်။ ဒါပေမဲ့ သူက တရားရှာချင်တယ်။ မိဘလုပ်တဲ့ သူက သူတို့ သား တောမထွက်အောင် နည်းမျိုးစုံနဲ့ သွေးဆောင် ဖြားယောင်းထားတယ်။ နောက်ဆုံး မိဘရဲ့ ဆန္ဒကို သွေဖည်ဆန့်ကျင်ပြီး တောထွက်သွားတယ်။ ဒါ ကျွန်တော်တို့ အားလုံး အသိပဲလေ။ တော်သေးတာပေ့ါဗျာ။ ကျွန်တော်တို့ ကံကောင်းတာပါ။ အဲဒီတုန်းက သိဒ္ဓတ္ထဆိုတဲ့ မင်းသားက သူ့မိဘစကား နားထောင်ပြီး စကြဝတေးမင်းသာ လုပ်ခဲ့ရင် ဒီနေ့ ကျွန်တော်တို့ ကန်တော့နေတဲ့ ဗုဒ္ဓမြတ်စွာဘုရားဆိုတာ ဘယ်မှာ လာရှိတော့မလဲ ဆရာမရယ်။ နှစ်ပေါင်း ၂၅၀၀ ကျော်တာတောင် တန်ဖိုးမဖြတ်နိုင်တဲ့ တရားတော်တွေ ဘယ်သူလာဟောပါတော့မလဲ။

***

## ဆရာမ ရှုံးနေလို့

တစ်ခါတုန်းက သူငယ်တန်းကျောင်းသား တစ်ယောက်ကို သူ့အမေက ပြောတယ်။

အမေ - သားကျောင်းမသွားဘူးလား သား။

သား - မသွားချင်ပါဘူး အမေရာ။

အမေ - ဘာဖြစ်လို့ တုံး သားရဲ့ ၊ ပညာမတတ်ရင် သား သူများ နော

က်လိုက် ဖြစ်နေတော့မှာ ပေါ့။

သား - ဖြစ်လည်း ပဲ ဖြစ်ပါစေတော့ အမေရာ၊ သားတို့ ဆရာမ ရူးနေပြီအမေရဲ့ ။

ထိုအခါ အမေဖြစ်သူ မျက်လုံးပြူးလျက် ပြောလိုက်သည် ။။

အမေ - သား အဲဒီလိုမပြောရဘူးလေ သားရဲ့ ။ မင်းကတော့ ငရဲတွေတော့ ကြီးကုန်တော့မှာ ပဲ၊ ဘာဖြစ်လို့ အဲဒီလို ပြောရတာတုန်း။

သား - အမေပဲ စဉ်းစားကြည့်လေ ၊ ပထမနေ့ စာသင်တုန်းက တစ်နဲ့ ငါးနဲ့ ပေါင်းရင် ခြောက်ရတယ်လို့ ပြောတယ်။ နောက်တစ်နေ့ကျတော့ သုံးနဲ့ သုံးနဲ့ ပေါင်းရင် ခြောက်ရတယ်လို့ ပြောတယ်။ မနေ့ကကျတော့ လေးနဲ့ နှစ်နဲ့ ပေါင်းရင် ခြောက်ရတယ်လို့ ပြောတယ်။ သုံးရက်အတွင်း စကားသုံးမျိုးပြောတာ ရူးလို့ ပေါ့ အမေရဲ့ ။

***



## ဆရာတစ်ယောက်တည်း အဖော်မရှိလို့

ဆရာ - ဒီအခန်းထဲမှာ ကလေးစိတ် မကုန်သေးတဲ့ သူရှိရင် မတ်တတ်ရပ်ပော့။

ဆရာ၏ စကားကြောင့် ကျောင်းသားများ တိတ်ဆိတ်နေကြ၏။ ဆရာက ဒုတိယအကြိမ် ထပ်မေးပြန်၏။ အတန်ကြာသောအခါ အတန်း၏ ထောင့်စွန်းမှ အတန်းထဲတွင် အရပ်အရှည်ဆုံး ကျောင်းသားတစ်ယောက် မတ်တတ်ထရပ်သည် ။

ဆရာ - ပော့ကောင် မင်းက ကလေးစိတ် မကုန်သေးဘူးလားကွ။

တပည့် - မဟုတ်ပါဘူး ဆရာ။ ဆရာတစ်ယောက်တည်း မတ်တတ်ရပ်နေရတာ အဖော်မရှိမှာ စိုးလို့ ပါ။

***

## မြင်းပြိုင်ပွဲ

မြင်းပြိုင်ပွဲကျင်းပနေစဉ် မြင်းတစ်ကောင်က တခြားတစ်ကောင်ကို မေးသည် ။

"မင်းဆီမှာ မြင်းကောင်ရေအား ဘယ်လောက်ရှိသလဲကွ"

***

## သင်ခန်းစာ

သူငယ်ချင်းနှစ်ယောက် ရှိကြသည် ။ တစ်ယောက်က အရက်သောက်သည် ။ နောက်တစ်ယောက်က လုံးဝ မသောက်ချေ။

တစ်နေ့ အရက်သောက်သူ အရက်မူးမူးဖြင့် ကားတက်မောင်းသည် ။ အရက် မသောက်သူကို တက်ကြိတ်မိသည် ။ အရက်မသောက်သူ ပွဲချင်းပြီး သေသွားသည် ။

သင်ခန်းစာ - သောက်လျှင် သေမည်၊ မသောက်လျှင်လည်း သေမည် ။

***

## နားမထိုင်းဘူး

"ဒေါက်တာ ကျွန်တော် နှာစေးနေတယ် ခင်ဗျ"

"ဒီလောက် အော်ပြောစရာ မလိုဘူး၊ ကျွန်တော် နားမပင်းဘူး၊ နားလည်လား။ ကိုင်း...ကိုက်တဲ့ သွား ဘယ်သွားလဲ ပြော"

***

## ဂီတစာဆို

နာမည်ကြီး ဂီတစာဆိုကို သတင်းထောက်က မေးသည် ။

"ဆရာ ဆရာ ဘယ်တုန်းက သီချင်း စရေးပါသလဲ ခင်ဗျာ"

"ကျွန်တော့်ဇနီး ခြောက်ယောက်မြောက် ကလေးမွေးတဲ့ အခါမှာ ကျွန်တော့်ရဲ့ ဖန်းတီးနိုင်မှု စွမ်းအားကို တခြားနေရာမှာ အသုံးချရတော့မယ်လို့ နားလည်လိုက်ကတည်းကပဲဗျာ"

***

## လိပ်ပြာသန့်ပြီ

မိမိမိုက်ပြစ်များကို ဝန်ချ တောင်းပန်ရန်အတွက် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သူခိုးရောက်လာသည် ။ သို့သော်…လက်က အကျင့်ပါနေသဖြင့် ခရစ်ယာန်ဘုန်းကြီး၏ နာရီကို မသိအောင် အိတ်ထဲ ထည့်လိုက်သည် ။ အာပတ်ဖြေသည့် အခန်းထဲမှ နေ၍ ဘုန်းကြီးပေါက မေးသည် ။

"ကိုင်း…ပြော၊ ဘာအပြစ်တွေ ကျူးလွန်မိခဲ့သလဲ ငါ့သား"

"သူတော်ကောင်း တစ်ယောက်ရဲ့ နာရီကို ကျွန်တော်ခိုးမိပါတယ်၊ ဖာသာ လိုချင်မယ်ဆိုရင် အဲဒီနာရီကို ပြန်ပေးချင်ပါတယ်"

"ဖာသာ မယူဘူး ငါ့သား၊ ပိုင်ရှင်ရဲ့ လက်ထဲသာ ပြန်အပ်လိုက်ပါ"

"ဒါပေမဲ့ သူက မယူချင်ဘူးလို့ ပြောနေပါတယ်"

"အဲဒါဆို ငါ့သားပဲ ယူထားလိုက်ပါ၊ ဒီအတွက် ဘာမှ လိပ်ပြာမသန့်မဖြစ်နဲ့ "

***